**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၂၂ ရက်မြောက်နေ့ အစီအစဉ်**

**[ ၂၂-၁၀-၂၀၁၄ ] (ဗုဒ္ဓဟူးနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက် ကောက်ယူရရှိသော လူဦးရေစာရင်းနှင့် တိုင်းရင်းသားများ၏ လူဦးရေ စာရင်းများကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၏ **ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော ခေါင်းဆောင်များနှင့် ၎င်းတို့၏ ကိုယ်စား လက်မှတ်ထိုးသူများသည် ထိုစဉ်က ထမ်းဆောင်ခဲ့သော တာဝန်နှင့် မည်သည့် တိုင်းရင်းသားများဖြစ်သည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဗိုလ်မှူးဆွေလင်းမြင့်၊ တပ်မတော်သားကိုယ်စားလှယ်၏ **ပြည်တွင်း၌ စက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့များ သုံးစွဲမှု၊ ပြည်ပမှ တင်သွင်းမှု ပမာဏ၊ အခွန်ဘဏ္ဍာ ကောက်ယူရရှိမှုနှင့် စက်သုံးဆီ အရည်အသွေး စစ်ဆေးခွင့်ပြုမှု အခြေအနေတို့အား သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **တောင်သူလယ်သမားများ စိုက်ပျိုးရေးစရိတ်အတွက် ထုတ်ချေးသည့် ချေးငွေနှင့် စပ်လျဉ်း၍ လာမည့်နှစ်များတွင် ချေးငွေစနစ်အား ပြောင်းလဲ ကျင့်သုံးမည့် အစီအစဉ်ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **“ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်း ”**ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရေး မဏ္ဍိုင်အနေဖြင့် ဆောင်ရွက်ရန် လိုအပ်မည့် အချက်များနှင့်စပ်လျဉ်း၍ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်နှင့် သုံးသပ်ချက်အား ရှင်းလင်းတင်ပြခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၃ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။